## ဓမ္မခန္ဓာ (၆၂) လူထုစုဝေးပွဲ (အလ်–ဂျုမ္မာအ်ဟ်)

ဥာဏ်စဥ်ကိန်းဝပ်ပေးမှု အမှတ်စဥ် (၁၁၀)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | يُسَبِّحُ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ الْمَلِكِ الْقُدُّوسِ الْعَزِيزِ الْحَكِيمِ ۞<br>မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အာဏာတည်ရာအရှင်၊ မြတ်စွာသောအရှင်၊ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏။ |
| ၂။ | هُوَ الَّذِي بَعَثَ فِي الْأُمِّيِّينَ رَسُولًا مِّنْهُمْ يَتْلُو عَلَيْهِمْ آيَاتِهِ وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَإِن كَانُوا مِن قَبْلُ لَفِي ضَلَالٍ مُّبِينٍ ۞<br>အရှင်သည် စာပေသမား မဟုတ်သူများထဲတွင် သူတို့အား သုတ်ဒေသနာများကို ရွတ်ဖတ်ပြရန်၊ သူတို့အား စင်ကြယ်စေရန် ကျမ်းတော်နှင့် ဓမ္မသတ်တော်ကို သင်ကြားပေးရန် ဥာဏ်စဥ်တော်ဆောင်အား ပွင့်ပေါ်စေ၏။ ဤမတိုင်မီက သူတို့သည် ရှင်းလင်းသော လမ်းလွဲ၌ ရှိနေခဲ့၏။ |
| ၃။ | وَآخَرِينَ مِنْهُمْ لَمَّا يَلْحَقُوا بِهِمْ وَهُوَ الْعَزِيزُ الْحَكِيمُ ۞<br>သူတို့ထံသို့ မပူးပေါင်းသေးသော သူ၊ အခြားသောသူများ အတွက်လည်း ဖြစ်၏၊ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၄။ | ذَلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاءُ وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ ۞<br>ဤသည် စံချိန်ပြည့်မှီသူအား ချီးမြှင့်သော ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုပင်တည်း။ ပရမတ်ဘုရားရှင်သည် ကြီးမားစွာ သိက္ခာပေးသော အရှင် ဖြစ်၏။ |
| ၅။<br>☆၃း၃ | مَثَلُ الَّذِينَ حُمِّلُوا التَّوْرَاةَ ثُمَّ لَمْ يَحْمِلُوهَا كَمَثَلِ الْحِمَارِ يَحْمِلُ أَسْفَارًا بِئْسَ مَثَلُ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِ اللَّهِ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ۞<br>တိုရာဟ်ကျမ်းအား☆ ဝန်ဆောင်လျှက် ၎င်းအား မထမ်းဆောင်သော သူတို့၏ ဥပမာသည် ကျမ်းဂန်များအား ထမ်းထားသော မြည်းသတ္တဝါကဲ့သို့ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့အား ငြင်းဆန်သော လူမျိုး၏ ဥပမာသည် ဆိုးဝါးလှ၏။ ပရမတ်ဘုရားရှင်သည် အဝိဇ္ဇာသင့် လူမျိုးအား လမ်းညွှန်တော်မမူချေ။[၁၀၅၅] |
| ၆။<br>☆ ၂း၉၄ | قُلْ يَا أَيُّهَا الَّذِينَ هَادُوا إِن زَعَمْتُمْ أَنَّكُمْ أَوْلِيَاءُ لِلَّهِ مِن دُونِ النَّاسِ فَتَمَنَّوُا الْمَوْتَ إِن كُنتُمْ صَادِقِينَ ۞<br>ဟောလော့ "အို ရေဝတီဘာသာဝင်တို့၊ သင်တို့အား အခြားသော လူသားများထက် ပရမတ်ဘုရားရှင်က ကွပ်ကဲပေးသည်ဟု စွဲမှတ်နေကြသော်– သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သေခြင်းတရားသို့ သံမိဌာန်ပြုကြလော့။"☆ |

**(၁၀၅၅)** ရှေးကျမ်းတော်ရ လူသားတို့အား ပုံဆောင်ပြောဆိုခြင်းသည် အစ္စလာမ်သာသနာဝင်များ စံနမူယူစေရန် ပြောဆိုခြင်းများ ဖြစ်၍၊ ကျွန်ုပ်တို့ အစ္စလာမ် သာသနာဝင်များ အနေဖြင့် ကျမ်းမြတ်ကုရ်အံအား ရွတ်ဖတ်နေလျှက် ရှေးကျမ်းဝါဒီများကဲ့သို့ မဖြစ်ရန် သတိထားရမည် ဖြစ်သည်။

| | |
|---|---|
| ၇။ | وَلَا يَتَمَنَّوْنَهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ۞<br>သူတို့၏ ကြိုတင်ပို့ထားသော လက်ရာများကြောင့် သူတို့သည် မည်သည့်အခါမှ ထိုသို့ သံမိဌာန်ပြုကြမည် မဟုတ်ချေ။ ပရမတ်ဘုရားရှင်သည်ကား အဓိဇ္ဇာကောင်များကို သိနေတော်မူ၏။ |
| ၈။ | قُلْ إِنَّ الْمَوْتَ الَّذِي تَفِرُّونَ مِنْهُ فَإِنَّهُ مُلَاقِيكُمْ ثُمَّ تُرَدُّونَ إِلَى عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞<br>သင်တို့ ထွက်ပြေးတိမ်းရှောင်နေသော သေခြင်းတရားသည် သင်တို့အား ပွေ့ဖက်မိတ်ဆက်မည်သာတည်း။ ထို့နောက် မျက်ကွယ် မျက်မှောက် သိနေသော အရှင်ထံသို့ သင်တို့အား ပြန်ရစေမည်သာတည်း။ အရှင်သည် သင်တို့၏ ကျင့်ကြံလေသမျှကို ထုတ်ပြန်တော်မူလတ္တံ့။ |
| ၉။ | يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نُودِي لِلصَّلَاةِ مِن يَوْمِ الْجُمُعَةِ فَاسْعَوْا إِلَى ذِكْرِ اللَّهِ وَذَرُوا الْبَيْعَ ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞<br>အို ယုံကြည်သော သူတို့၊ လူထုစုဝေးပွဲ နေ့ကာလ၏ မေတ္တာဓိဌာန်ပြုရန် ဖိတ်ခံသံကို ပြုသောခါ၊ ပရမတ်ဘုရားရှင်အား ရှုမှတ်သတိရရန် အစောတလျှင် ရှိကြ၍၊ စီးပွားကူးသန်းခြင်းကို ထားခဲ့ကြလော့။ ယင်းသည် သင်တို့အတွက် ကောင်းမြတ်လှချေ၏။ သင်တို့ သိကြပါလေစ။ |
| ၁၀။ | فَإِذَا قُضِيَتِ الصَّلَاةُ فَانتَشِرُوا فِي الْأَرْضِ وَابْتَغُوا مِن فَضْلِ اللَّهِ وَاذْكُرُوا اللَّهَ كَثِيرًا لَّعَلَّكُمْ تُفْلِحُونَ۞<br>မေတ္တာဓိဌာန် ပြီးဆုံးသောအခါ၊ ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုအား ရှာမှီးရန် မြေကမ္ဘာ၌ လှည့်လည်သွားလာကြလော့။ သင်တို့သည် အောင်မြင်ပေါက်မြောက်အံ့ငှာ ပရမတ်ဘုရားရှင်အား မြောက်များစွာ သတိရရှုမှတ်ကြကုန်လော့။ |
| ၁၁။ | وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا انفَضُّوا إِلَيْهَا وَتَرَكُوكَ قَائِمًا قُلْ مَا عِندَ اللَّهِ خَيْرٌ مِّنَ اللَّهْوِ وَمِنَ التِّجَارَةِ وَاللَّهُ خَيْرُ الرَّازِقِينَ۞<br>သူတို့သည် ကုန်ကူးသန်းခြင်း သို့မဟုတ် ကစားပျော်ပါးခြင်းကို မြင်လိုက်သည်နှင့် ထို့အတွက် သွားလမ်းကြောင်းကို ဖျက်ကာ သင့်အား မတ်တတ်ပင် ထားခဲ့ကြ၏။[၁၀၅၆] ဟောလော့ “ပရမတ်ဘုရားရှင်၏ ထံပါး၌ ကစားပျော်ပါးခြင်းထက်၊ ရောင်းဝယ်ဖေါက်ကားခြင်းထက် ပိုမိုကောင်းမြတ်ရာသည် ရှိ၏။ ပရမတ်ဘုရားရှင်သည်ကား အကောင်းမြတ်ဆုံး ရိက္ခာထောက်သည့် အရှင် ဖြစ်၏။” |

---

**(၁၀၅၆)** သင့်အား မတ်တတ်ပင် ထားခဲ့သည် ဆိုခြင်းမှာ ချီတက်နေသော လမ်းကြောင်းပေါ်တွင် ရပ်တည်လျှက် ထားခဲ့သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် နောက်လိုက်ကောင်း မပီသသူတို့သည် မိမိတို့၏ လတ်တလော အကျိုးဟု ထင်မှတ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြလျှက် ခေါင်းဆောင် ဖြစ်သူအား မေ့ထားခဲ့ခြင်းမျိုးကို ဆိုလိုပေသည်။ ဤသို့သော သူများကို သီလကြောင်များဟု ခေါ်၍ နောက်ဖေါ်ပြမည့် ဓမ္မခန္ဓာ (၆၃) တွင် သူတို့အကြောင်းကို အကျယ်တဝင့် ရှင်းပြထားပေသည်။